## မင်းတုန်းမြို့နယ်၏ ဒေသဆိုင်ရာအချက်အလက်များ

**ဒေသသမိုင်းအကျဉ်း**

မင်းတုန်းမြို့သည် သာသနာတော်နှစ်(၆၄၈)ခုနှစ်၊ ကောဇာသက္ကရာဇ် (၂၆)ခုနှစ်တွင် သမုဒ္ဒရာဇ်ဘုရင်မှ ဘုမ္မဝတီမြို့အဖြစ် ခေါ်ဝေါ်သမုတ် တည် ထောင်ခဲ့သည်။ သာသနာသက္ကရာဇ်(၄၄၆)ခုနှစ် ပုဂံထီးနန်းကို ကျန်စစ်သား မင်း နန်းတက်စဉ် သားတော် ရာဇကုမ္မာရ်မင်းသားကို ရခိုင်ပြည်နယ်နှင့် ဘုမ္မဝတီတောင်စဉ်(၇)ခရိုင်ကို ပေးအပ်ခဲ့သည်။ ပုဂံပြည်(၅၃)နှစ်မြောက် ကျစွာ မင်းလက်ထက် တောကျောင်းခေါ် သရက်မြို့မှ ကံသာမင်းကြီးသည် ၎င်း၏ မိဖုရားအား သားမွေးလျှင် ထီးနန်းလုမည်စိုး၍ ကလေးအား သတ်ရန် အမိန့် ထုတ်ခဲ့ရာ လုံခြုံရာအရပ်ဖြစ်သော သမန္တနဒီချောင်းဖျား မင်းပုန်းတောင် တည်ရှိရာ ဘုမ္မဝတီမြို့၌ ပုန်းခိုနေခဲ့သည်။ မင်းသားငယ် ပုန်းခိုရာအရပ် ဘုမ္မဝတီမြို့ကို မင်းပုန်းမြို့ဟုခေါ်ခဲ့ရာ နောင်တွင် မင်းတုန်းမြို့ဟု ပြောင်းလဲ ခေါ်ဆိုခဲ့ကြသည်။ မင်းတုန်းမြို့နယ်သည် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန၏ (၁၉-၆-၁၉၇၂)ရက်စွဲပါစာအမှတ်၊ ၁၀၃/ ၁၀/ စိတ်(၁)ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

**တည်နေရာအကျယ်အဝန်း**

မင်းတုန်းမြို့နယ်သည် ရခိုင်ရိုးမတောင်တန်း၏ အရှေ့ဘက်တွင် တည်ရှိ၍ မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်အတွင်းရှိ မြို့နယ် ဖြစ်ပါသည်။မင်းတုန်းမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ၊ ၃ မိနစ်၊ ၃ စက္ကန့်မှ ၁၉ ဒီဂရီ၊ ၃၈ မိနစ်၊ ၁၅ စက္ကန့်အကြား အရှေ့လောင် ဂျီကျူ့ ၉၄ ဒီဂရီ၊ ၂၅ မိနစ်၊ ၁၂ စက္ကန့်မှ ၉၄ ဒီဂရီ၊ ၅၈ မိနစ်၊ ၁၅ စက္ကန့်အကြား တည်ရှိပြီး အကျယ် အဝန်းမှာ ၉၈၆.၅၉ စတုရန်းမိုင် ကျယ်ဝန်းပါသည်။ အရှေ့နှင့်အနောက် ၂၈.၂၅ မိုင်ရှိပြီး တောင်နှင့်မြောက် ၃၅ မိုင် ရှည်လျားပါသည်။

**နယ်နမိတ်**

မင်းတုန်းမြို့နယ်သည် အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ တောင်ဘက်တွင် ကံမမြို့နယ်နှင့် ထိစပ်လျှက်ရှိပါသည်။ အနောက်ဘက်တွင် ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ အမ်းမြို့နယ်၊ တောင်ကုတ် မြို့နယ်တို့နှင့် ထိစပ်လျှက်ရှိပြီး မြောက်ဘက်တွင် မင်းလှမြို့နယ်နှင့် နယ်နိမိတ် ထိစပ်လျှက်ရှိပါသည်။

**မြေမျက်နှာသွင်ပြင်**

မင်းတုန်းမြို့နယ်သည် တောင်ကုန်းတောင်တန်းထူထပ်သော ဒေသ ဖြစ်ပြီး သစ်တောများ ဖုံးလွှမ်းလျှက်ရှိပါသည်။ တောင်ကုန်းတောင်တန်း များသည် မြောက်မှတောင်သို့သွယ်တန်းလျှက်ရှိပြီး ထင်ရှားသောတောင်တန်းများမှာ ရွှေတောင်၊ ပဲဇဝါတောင်၊ မြင်းကုဋေတောင် တို့ ဖြစ်ပါသည်။

**ရေဆင်း**

မင်းတုန်းမြို့နယ်တွင် ချောင်းပေါများသည့် ဒေသတစ်ခုဖြစ်ပြီး ချောင်းများသည် အနောက်မှ အရှေ့သို့ စီးဆင်းလျှက်ရှိပါသည်။ ထင်ရှား သောချောင်းမှာ မင်းတုန်းချောင်းဖြစ်ပြီး မင်းတုန်းမြို့ အနီးမှဖြတ်၍ အနောက်မှ အရှေ့သို့စီးဆင်းကာ ဧရာဝတီမြစ်ထဲသို့ စီးဝင်ပါသည်။ ဒေသ အတွင်း

ရေအရင်းအမြစ်အများစုမှာ ရေချိုဖြစ်၍ စိုက်ပျိုးရေ၊ သောက်သုံးရေ စသည်ဖြင့် အသုံးပြုနိုင်ပြီး နွေရာသီတွင် အချို့နေရာများ၌ ရေအနက်ပေ(၆) ပေခန့်ရှိပြီး၊ အချို့နေရာများတွင် ရေအနက်ပေ (၂)ပေခန့်ရှိသဖြင့် စက်လှေ များ မသွားနိုင်ပါ။

**သဘာဝပေါက်ပင်များ**

မင်းတုန်းမြို့နယ်အတွင်း ပေါက်ရောက်သည့် သဘာဝပေါက်ပင်များ အနက် ရတနာတန်းဝင်အပင်များမှာ ကျွန်း၊ပျဉ်းကတိုး၊ သစ်ယာ၊အင်ကြင်း၊ ပိတောက်၊ ဖန်ခါး၊ ရုံးများဖြစ်ပြီး သစ်မာပင်များမှာ မန်ကျည်း၊ ယင်းမာ၊ သစ်စေး၊ ဒီးဒူး၊ နဘဲ၊ လက်ပံတို့ဖြစ်၍ အခြားသစ်ဝါးပင်များမှာ မဲဇလီ၊ ဘောစကိုင်း၊ သခွတ်၊ သိုက်ဝါး၊ ကြသောင်းဝါး၊ ထီးရိုးဝါး၊ မျှင်ဝါးတို့ ပေါက်ရောက်ကြပါသည်။

**တောရိုင်းတိရစ္ဆာန်များ** မင်းတုန်းမြို့နယ်အတွင်း တွေ့ရသော တောရိုင်းတိရစ္ဆာန်များမှာ ပြောင်၊ စိုင်၊ ဆတ်၊ ချေ၊ ဒရယ်၊ တောဝက်၊ သမင်၊ တောကြောင်၊ တောင် ဆိတ်၊ မျောက်အမျိုးမျိုး၊ ဝံပုလွေ၊ တောခွေး၊ သင်းခွေကြပ်၊ မြွေအမျိုးမျိုး၊ လိပ်နှင့် ဖွတ်တို့ဖြစ်ပါသည်။

**သဘာဝပတ်ဝန်းကျင်လက်ရှိအခြေအနေ**

မင်းတုန်းမြို့နယ်ရှိ သဘာဝပတ်ဝန်းကျင် လက်ရှိအခြေအနေ အပင် များ ရှင်သန်ကောင်းမွန်နေပါသည်။ ချောင်းများမှာလည်း ပတ်ဝန်းကျင်ရှိ ကျေးရွာများအတွက် သုံးစွဲရန် လုံလောက်လျှက်ရှိပါသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ**

မင်းတုန်းမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်း များအတွက် စိမ်း/စိုဦးစီးဌာနမှ နှစ်စဉ်စိုက်ခင်းများ တည်ထောင်စိုက်ပျိုး ခြင်း၊ သဘာဝတောအခြေအနေများ ပျက်စီးမှုမရှိစေရေးအတွက် နှစ်စဉ် ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်ပင်များခုတ်လှဲ၍ ထင်းအဖြစ်သုံးစွဲခြင်းကို လျှော့ချ၍ စိုက်/ခွန်ပစ္စည်းများသုံးစွဲရန် စည်းရုံးဟောပြောဆောင်ရွက်လျှက် ရှိပါသည်။

**သဘာဝဘေးအန္တရာယ်ကျရောက်နိုင်ခြေ**

၂၀၁၈–၂၀၁၉ဘဏ္ဍာရေးနှစ်တွင် မင်းတုန်းမြို့နယ်၌ရေဘေး(၁)ကြိမ်၊ လေဘေး(၁၅)ကြိမ် ရင်ဆိုင်တွေ့ကြုံခဲ့ရပါသည်။

**နေထိုင်သည့်တိုင်းရင်းသားလူမျိုးများ**

မင်းတုန်းမြို့နယ်တွင် နေထိုင်ကြသည့်လူမျိုးစုများမှာ ကချင်(၅)ဦး၊ကရင်(၁၀)ဦး၊ချင်း(၉၄၁၀) ဦး၊ မွန်(၂)ဦး၊ ဗမာ(၅၄၂၉၂)ဦး၊ ရခိုင်(၁၆)ဦး၊ ရှမ်း(၃)ဦးစုစုပေါင်း(၆၃၇၃၈ဦးနေထိုင်ကြပါသည်။

**အိမ်ခြေ၊အိမ်ထောင်စု၊လူဦးရေ**

မင်းတုန်းမြို့နယ်၏ ၂၀၁၉ ခုနှစ်၊စက်တင်ဘာလကုန်အထိ အိမ်ခြေ၊အိမ်ထောင်စု၊ လူဦးရေမှာ မြို့နေအိမ်ခြေ(၁၅၇၁)၊အိမ်ထောင်စု(၁၃၄၇)နှင့် လူဦးရေ (၅၄၀၅)ဖြစ်ပြီး ကျေးလက်နေအိမ်ခြေ (၁၅၇၈၀)၊ အိမ်ထောင်စု(၁၅၄၃၇)စု၊ လူဦးရေ(၅၈၃၃၉)ဖြစ်ပြီး ကျား၊မ အချိုးမှာကျား(၃၀၄၉၅)ဦးနှင့် မ(၃၃၂၄၈)ဦးရှိ၍အချိုးမှာ(၁း၁.၀၉)ရှိပါသည်။

ကိုးကွယ်သည့်ဘာသာ

မင်းတုန်းမြို့နယ်တွင် နေထိုင်ကြသူများ၏ ကိုးကွယ်သည့်ဘာသာ အလိုက်လူဦးရေမှာ ဗုဒ္ဓဘာသာ (၆၁၉၁၀)ဦး၊ ခရစ်စယာန်(၅၈၇)ဦး၊ အစ္စလာမ်ဘာသာ(၆)ဦး နှင့်အခြား (၁၂၄၁)တို့ဖြစ်ပါသည်။

နိုင်ငံခြားသာများနေတိုင်မှု

မင်းတုန်းမြို့နယ်အတွင်း နိုင်ငံခြားသားများ နေထိုင်မှုမှာ အိန္ဒိယ (၆)ဦးရှိပါသည်။

အုပ်ချုပ်ရေးဆိုင်ရာအချက်အလက်များ

အုပ်ချုပ်ရေးမှူးရုံးများ

မင်းတုန်းမြို့နယ်၏ မြို့နယ်၊ မြို့နှင့် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးများမှာ မြို့နယ်အုပ်ချုပ်ရေးမှူး (၁)ဦး၊ မြို့န ယ်ရုံး (၁)ရုံး၊ ရပ်ကွက်ရုံး(၄)ရုံး၊ ကျေးရွာအုပ်စုရုံး (၇၂)ရုံးရှိပါသည်။

ဌာနဆိုင်ရာရုံးများနှင့်ဝန်ထမ်းအင်းအားစာရင်း

မင်းတုန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

၁။မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

၂။မြို့နယ်တရားရုံး

၃။မြို့နယ်ဥပဒေရုံး

၄။မြို့နယ်ကော်မရှင်ရုံး

၅။မြို့နယ်စာရင်းရုံး

၆။မြို့နယ်ရဲတပ်ဖွဲ့

၇။မြို့နယ်မီးသတ်

၈။မြို့နယ်စည်ပင်

၉။မြို့နယ်ပြန်/ဆက်

၁၀။မြို့နယ်လဝက

၁၁။မြို့နယ်သမဦးစီး

၁၂။မြို့နယ်စိုက်ပျိုးရေး

၁၃။လယ်စီစာရင်းအင်း

၁၄။မြို့နယ်မွေးကု

၁၅။ဆက်သွယ်ရေး

၁၆။မြို့နယ်သစ်တော

၁၇။မြို့နယ်စိမ်/စို

၁၈။မြို့နယ်လျှပ်စစ်

၁၉။မြို့နယ်အား/ကာ

၂၀။မြို့နယ်ပညာရေး

၂၁။မြို့နယ်ကျန်းမာရေး

၂၂။မြို့နယ်ကျေးဖွံ့

၂၃။ကျေးလက်လမ်း

၂၄။မြို့နယ်လမ်းဦးစီး

၂၅။မြန်မာ့စီးဘဏ်

၂၆။မြို့နယ်စီမံကိန်း

၂၇။MRTV

၂၈။စာတိုက်

၂၉။စိုက်ဘဏ်

**နိုင်ငံရေးပါတီများ**

၁။NLD

၂။ပြည်ခိုင်ဖြိုး

၃။တစည

၄။အရှိုချင်း

၅။တဖပ

၆။ညီညွတ်သောဒီမိုကရစ်တစ်

၇။ပြည်ထောင်စုကောင်းကျိုးဆောင်

**ရွေးချယ်ခံရသောလွှတ်တော်ကိုယ်စားလှယ်များ**

**ပြည်သူ့လွှတ်တော်**

ဒေါ်ခင်သန်းနု (NLD)

**အမျိုးသားလွှတ်တော်**

ဒေါ်သန်းသန်းအေး(NLD)

**တိုင်းဒေသကြီးလွှတ်တော်**

ဦးတင်ဝင်း(NLD)

ဦးအေးလှိုင်ဦး(NLD)

**စီးပွားရေးဆိုင်ရာအချက်အလက်များ**

**စီးပွားရေးဆိုင်ရာခြုံငုံသုံးသပ်ချက်**

မင်းတုန်းမြို့နယ်သည် မကွေးတိုင်းဒေသကြီးအတွင်း တည်ရှိပြီး စီးပွားရေးအရ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးသော မြို့နယ်တစ်ခု ဖြစ်ပါသည်။ မြို့နယ်အတွင်းရှိ ဒေသခံပြည်သူလူထုသည် စိုက်ပျိုးရေး လုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်ကြပါသည်။ မင်းတုန်းမြို့နယ်သည် ပုသိမ်–မုံရွာလမ်းမကြီး ဖြတ်သန်းဖောက်လုပ်ထားရှိသဖြင့် လမ်းပန်းဆက်

သွယ်ရေးကောင်းမွန်သောမြို့နယ်ဖြစ်ပါသည်။မြို့နယ်၏ အဓိကထွက်ကုန်မှာ ပဲအမျိုးမျိုးနှင့်နှမ်းဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့သို့ အများဆုံးတင်ပို့ ရောင်းချပါသည်။

**မြေအသုံးချမှု**

မင်းတုန်းမြို့နယ်၏ မြေအမျိုးအစားအလိုက် မြေအသုံးချမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁။အသားတင်စိုက်ပျိုးမြေဧရိယာစုစုပေါင်း (၃၄၇၁၆)

| | |
|---|---|
| (က)လယ်မြေဧရိယာ | ၁၇၉၇၄ |
| (ခ)ယာမြေဧရိယာ | ၆၃၄၄ |
| (ဂ)ကိုင်း/ကျွန်းမြေ | ၈၀၄၄ |
| (ဃ)ဥယျာဉ်မြေ | ၆၈၂ |
| (င)တောင်ယာမြေ | ၁၆၇၃ |

| | | |
|---|---|---|
| ၂။ | လုပ်ထားသည့်မြေဧရိယာပေါင်း | (-) |
| ၃။ | စားကျက်မြေ | - |
| ၄။ | စက်မှုလုပ်ငန်းသုံးမြေ | ၁၂ |
| ၅။ | မြို့မြေ | ၁၃၄ |
| ၆။ | ရွာမြေ | ၈၁၁ |
| ၇။ | အခြားမြေ | ၅၇၂ |
| ၈။ | ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောဧရိယာ | ၂၇၁၄၈၃ |
| ၉။ | တောရိုင်း | ၃၀၉၄၆၈ |
| ၁၀။ | မြေရိုင်း | ၄၈၆၁ |
| ၁၁။ | စိုက်ပျိုးခြင်းမပြုနိုင်သောဧရိယာ | ၉၃၆၀ |
| | **စုစုပေါင်း** | **၆၃၁၄၁၇** |

**ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက်ဧရိယာ**

မင်းတုန်းမြို့နယ်ရှိ ဆည်မြောင်းတာတမံများနှင့် ဆည်ရေသောက် ဧရိယာမှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

(က) **အစိုးရဆည်များ**

မရှိပါ။

(ခ) ကိုယ့်အားကိုယ်ကိုးဆည်များ

၁။ဝက်ကော်

၂။ပြောင်း

၃။တမာ

၄။ကူဖြူ
၅။ပန်းတုန်း
၆။ကြို့ကုန်း
၇။ဖြူကန်
၈။မြင်းကွေ့
၉။သမင်ကတုတ်
၁၀။တိုင်တား
၁၁။မြို့ဟောင်း
၁၂။စိုင်ဒိုး
၁၃။အင်းဗျက်
၁၄။သမ္ဘူလ
၁၅။ကမန်း
၁၆။ကြို့ဝ
၁၇်
၂။ပြောင်း
၃။တမာ
၄။ကူဖြူ
၅။ပန်းတုန်း
၆။ကြို့ကုန်း
၇။ဖြူကန်
၈။မြင်းကွေ့
၉။သမင်ကတုတ်
၁၀။တိုင်တား
၁၁။မြို့ဟောင်း
၁၂။စိုင်ဒိုး
၁၃။အင်းဗျက်
၁၄။သမ္ဘူလ
၁၅။ကမန်း
၁၆။ကြို့ဝ
၁၇။တပ်
၁၈။မဲဇလီ

၁၉။ကြပ်ဝ

၂၀။ဝန်တွင်း

စိုက်ပျိုးရေးလုပ်ငန်း

မင်းတုန်းမြို့နယ်၏ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှု အခြေအနေမှာစပါး (၁၉၂၄၄)ကေ မြေပဲ(၂၅၃)ကေ၊နှမ်း (၉၂၃၂)ကေ၊ပဲတီစိမ်း (၆၉)ကေ၊ပဲစဉ်းငုံ(၂၇၀၄)ကေဖြစ်ပါသည်။

နှစ်ရှည်သီးနှံစိုက်ပျိုးမှု

နှစ်ရှည်သီးနှံစိုက်ပျိုးမှုမှာ အုန်း(၃၅)ကေ၊ ကော်ဖီ(၂၀၁)ကေ၊ ငှက်ပျောကောင်း(၁၂၄)ကေ၊ သစ်သီးပင်(၉၅၅)ကေ၊စုစုပေါင်း (၁၃၁၅)ကေရှိပါသည်။

အခြားဈေးကွက်ဝင်သီးနှံစိုက်ပျိုးထုတ်လုပ်မှု

အခြားဈေးကွက်ဝင်သီးနှံအနေဖြင့် ငရုပ်(၄၂)ကေ၊ ငှက်ပျော(၇၂)ကေရှိပါသည်။

လယ်ယာသုံးစက်ကိရိယာသုံးစွဲမှုအခြေအနေ

မင်းတုန်းမြို့နယ်အတွင်းလယ်ယာသုံးစက်ကိရိယာသုံးစွဲမှုအနေဖြင့်လယ်ထွန်စက်(၁၈)စီး၊ လက်တွန်းထွန်စက်(၃၅၅)စီး၊ ချွေလှေ့စက် (၁၇၆)နှင့် ရေစုပ်စက် (၁၂၆၈)ရှိပါသည်။

စက်မှုလက်မှုလုပ်ငန်းများ

မင်းတုန်းမြို့နယ်၏ စက်မှုလက်မှုလုပ်ငန်းများဆောင်ရွက်နိုင်မှု အခြေအနမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

စက်ရုံများ

၁။ဆန်စက် (၁၃၉) ၂။ ဆီစက်(၄၄) ၃။ ပဲခွဲစက်(၃၈) ၄။ သီးနှံချွေလှေ့စက်(၁၆၇) ၅။သစ်စက်(၁)တို့ဖြစ်သည်။

အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းများ

၁။အရက်ချက်လုပ်ငန်း(၁)

၂။အမှုန့်ကြိတ်လုပ်ငန်း(၉)

၃။မုန့်ဟင်းခါးလုပ်ငန်း(၄)

၄။မုန့်ပဲသားရေစာလုပ်ငန်း(၂)

၅။အထည်ချုပ်လုပ်ငန်း(စက်ချုပ်ဆိုင်)(၇၃)

၆။ပန်းပဲလုပ်ငန်း(၇)

၇။ပရိဘောဂလုပ်ငန်း(၁၁)

၈။ပန်းတိမ်လုပ်ငန်း(၃၀)

၉။ဘတ္တရီပြင်လုပ်ငန်း(၁)

၁၀။ဆိုင်ကယ်ပြင်လုပ်ငန်း(၃၆)

၁၁။စက်ဘီးပြင်လုပ်ငန်း(၄)

၁၂။လေထိုးကျွတ်ဖာလုပ်ငန်း(၂)
၁၃။တွင်ခုံနှင်ဂဟေလုပ်ငန်း(၁၂)
၁၄။ပဲကြော်လုပ်ငန်း(၃)
၁၅။အထည်ယက်လုပ်ငန်း(၁၅)

သစ်တောလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

မင်းတုန်းမြို့နယ်၏ သစ်တောလုပ်ငန်းနှင့်ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ကြိုးဝိုင်း ဧရိယာ(ဧက) ၁၉၅၀၂၉.၆ရှိပြီး ပေါက်ရောက်သည့်အပင်များမှာ ကျွန်း၊ပျဉ်းကတိုး၊ သစ်ယာ၊အင်ကြင်း၊ နဘဲ၊ ချင်ယုတ်၊သင်းဝင်၊ ဖန်ခါး၊ ဒီးဒူး၊ရှား၊ လိန်၊ စစ်ကုက္ကို၊ မအူလက်တံရှည်တို့ဖြစ်ပါသည်။ ကြိုးပြင်တောဧရိယာ(ဧက)၇၄၉၇၆.၅၁ရှိပြီး ပေါက်ရောက်သည့်အပင်များမှာ ကျွန်း၊ပျဉ်းကတိုး၊ သစ်ယာ၊အင်ကြင်းနှော၊ဘင်္ဂ၊ နဘဲ၊ ချင်ယုတ်၊သင်းဝင်၊ ဖန်ခါး၊ ဒီးဒူး၊ရှား၊ လိန်၊ စစ်ကုက္ကိုတို့ပေါက်ရောက်ပါသည်။

**စွမ်းအင်နှင့်လျှပ်စစ်ကဏ္ဍ**

**ဓါတ်အားခွဲရုံ**

၁။မင်းတုန်း (၅)MVA

**လျှပ်စစ်ဓါတ်အားသုံးစွဲမှု**

လျှပ်စစ်ဓါတ်အားသုံးစွဲမှုအနေဖြင့် ရရှိသည်ပမာဏ (၅၀၀၀)ကီလိုဝပ်၊သုံးစွဲသည့်ပမာဏ(၁၄၄၀)ကီလိုဝပ်တို့ဖြစ်ပါသည်။

**ဆက်သွယ်ရေးကဏ္ဍ**

မင်းတုန်းမြို့နယ်၏ ဆက်သွယ်ရေးကဏ္ဍနှင့် ပတ်သက်သော အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

(က)စာတိုက်– ၁

(ခ)တယ်လီဖုန်း(အော်တို)–၂၅၃

(ဂ)အင်တာနက်လက်ခံသူဦးရေ–၁၆၀၀၀

(ဃ)အင်တာနက်အသုံးပြုသူဦးရေ –၁၅၀၀၀

**အသံလွှင့်ရုံ/ထပ်ဆင့်လွှင့်ရုံ**

မင်းတုန်းမြို့နယ်တွင် NRTV ထပ်ဆင့်အသံလွှင့်ရုံ၊ လွှင့်အား (၂၅၀w) ၊ဧရိယာ (၅)မိုင်လွှင့် နိုင်သည့် ထပ်ဆင့်လွှင့်ရုံတစ်ရုံရှိပါသည်။

**ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေး**

မင်းတုန်းမြို့နယ်၏ ပို့ဆောင်ရေးနှင့်လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းနှင့် ပတ်သက်သော အချက်အလက်များမှာ

ကားဂိတ်များ–အားမာန်သစ်၊ဘုမ္မဝတီ

ပြေးဆွဲသည့်ခရီးစဉ် –မင်းတုန်း–သရက်၊ မင်းတုန်း–ပြည်၊ မင်းတုန်း–မကွေး။

**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းများ**

(က)ကားလမ်းများ

သရက်–မင်းတုန်းလမ်း၊၁၈/၀မှ၄၁/၆ထိ၊၂၃/၆မိုင်။

ပုသိမ်–မုံရွာလမ်း၊၁၉၅/၃မှ၂၁၉/၆ထိ၊၂၄/၃မိုင်။

ပုသိမ်–မုံရွာနှင့်မင်းတုန်းမြို့၊၀/၀မှ၄/၆ထိ၊၄/၆မိုင်။

(ခ)မြို့နယ်ချင်းဆက်လမ်းများ

သရက်–မင်းတုန်းလမ်း၂၃/၆မိုင်။

ပုသိမ်–မုံရွာနှင့်မင်းတုန်းလမ်း၄/၆မိုင်။

ပုသိမ်–မုံရွာလမ်း၂၄/၃မိုင်။

(ဂ)တံတားများ

(က)ပေ(၁၈၀)အထက်တံတားများ

၁။ ရှုချောင်းတံတား (၂၆၄ပေ)

၂။ လွှာချောင်းတံတား (၉၆၀ပေ)

၃။ ကန်လည်တံတား (၁၀၈၀ပေ)

၄။ သာဒွန်းတံတား (၂၁၀ပေ)

၅။ ပနီတံတား

(ခ) ပေ(၁၀၈)အောက်တံတားများ

၁။ ဝန်တွင်းတံတား (၄၄ပေ)

၂။ မြောင်ချောင်းတံတား(၅၀ပေ)

၃။ ဥယျာဉ်ပုတံတား (၆၀ပေ)

၄။ကမန်းတံတား(၅၀ပေ)

၅။ ကျင်းကျောက်ကြီးတံတား(၁၀ပေ)

၆။ ၁/၂၂တံတား(၆၀ပေ)

၇။ ကိုင်းကောက်တံတား(၂၀ပေ)

၈။ ဝါဒိုင်တံတား(၅၀ပေ)

၉။ ကျောက်အိုးတံတား(၂၅ပေ)

၁၀။ ဆင်တဲတံတား(၂၅ပေ)

၁၁။ ယောတံတား(၅၀ပေ)

၁၂။ ဂျင်းရဲတံတား(၃၀ပေ)

၁၃။ စံပြတံတား(၅၀ပေ)

၁၄။ စိုင်းဒိုးတံတား(၂၀ပေ)

၁၅။ပဲဒွေးတံတား(၄၀ပေ)

၁၆။သနပ်ချောင်းတံတား(၁၀ပေ)

၁၇။ဓွေ့တံတား(၂၀ပေ)

၁၈။ အိုင်းမတံတား(၁၂၀ပေ)

၁၉။ကန်လည်ဆည်ဝတံတား(၂၈ပေ)

၂၀။ အင်းလည်တံတား(၄၀ပေ)

၂၁။သွေးကျောက်တံတား(၃၀ပေ)

**စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦးများ**

မင်းတုန်းမြို့နယ်တွင်ရှိသော စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အဦးများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

ဈေးများ

၁။မြို့မဈေး (အမှတ် ၄ ရပ်ကွက်)

၂။ အခွန်လွတ်ဈေး(အမှတ် ၂ ရပ်ကွက်)

ဘဏ်များ

၁။မြန်မာ့စီးပွားရေးဘဏ်

စတိုးဆိုင်နှင့်အရောင်းဆိုင်များ

၁။စတိုးဆိုင်–၆

၂။ရွှေဆိုင် –၆

၃။ လျှပ်စစ်ပစ္စည်းဆိုင် –၁၂

၄။ ဖုန်းနှင့်ဖုန်းပစ္စည်းအရောင်းဆိုင် –၄

၅။ ဆေးဆိုင် –၁၄

၆။ စားသောက်ဆိုင် –၅

၇။လက်ဖက်ရည်ဆိုင် –၁၄

၈။ စိုက်ပျိုးရေးပစ္စည်းဆိုင် –၂၂

၉။ ဆောက်လုပ်ရေးပစ္စည်းဆိုင် –၁၂

၁၀။ ဆန်ဆိုင် −၃

၁၁။ အဝတ်အထည်ဆိုင် −၃၉

စည်ပင်သာယာရေးလုပ်ငန်းများ

မင်းတုန်းမြို့နယ်၏ စည်ပင်သာယာရေးလုပ်ငန်းများမှာ

၁။ဈေးလုပ်ငန်း

မြို့မဈေး၊ ဆိုင်ခန်းအရေအတွက် (၄၈)၊ အမှတ်(၄)ရပ်ကွက်

၂။သောက်သုံးရေးလုပ်ငန်း

ရေစက်ရုံ(၁)၊ (၈၈၀၀၀ဂါလံ)

၃။သန့်ရှင်းရေးလုပ်ငန်း

သန့်ရှင်းရေးယာဉ် (၂)စီး၊ရေစုတ်စက်(၁)၊ လုပ်သားဦးရေ(၅)

ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းများ

မင်းတုန်းမြို့နယ်တွင်ရှိသော ပုံနှိပ်လုပ်ငန်းနှင့် မီဒီယာလုပ်ငန်းမှာအောက်ပါအတိုင်းဖြစ် ပါသည်။

**(က) ပုံနှိပ်လုပ်ငန်းနှင့် တေးသံသွင်း၊ဗီဒီယို**

မင်းတုန်းမြို့တွင် ကွန်ပျူတာဆိုင်(၇)ဆိုင်နှင့် မိတ္တူဆိုင်(၆)ဆိုင်ရှိပါသည်။

လူမှုရေးဆိုင်ရာအချက်အလက်များ

**ပညာရေးဏ္ဍာ**

**(က) အခြေခံပညာအထက်တန်းကျောင်းများ**

၁။အထကမင်းတုန်း၊အမှတ်(၃)ရပ်ကွက်၊၄.၉၄၈ကေ၊ ဆရာ/ဆရာမဦးရေ ၄၃ဦး၊ ကျောင်းသား /သူဦးရေ ၁၅၃၂။

၂။အထက ကံပိုင်၊ ကံပိုင်ကျေးရွာ၊ ၁.၁၂ဧကေ၊ ဆရာ/ဆရာမဦးရေ ၂၅၊ ကျောင်းသား/သူ ၃၁၅ဦး။

၃။အထကပန်းတော၊ ပန်းတောကျေးရွာ၊ ၁၀.၆၆၀ ကေ၊ဆရာ/ဆရာမ ၂၅ဦး၊ကျောင်းသား/သူ၃၇၅ဦး။

၄။ အထကအလယ်ချောင်း၊ အလယ်ချောင်းကျေးရွာ၊၆.၃၈ကေ၊ဆရာ/ဆရာမ ၂၀ဦး၊ ကျောင်းသား/သူ ၁၇၇။

၅။ အထကထန်းပင်ကုန်း၊ ထန်းပင်ကုန်းကျေးရွာ၊၈.၈၇၀ကေ၊ဆရာ/ဆရာမ ၂၂ဦး၊ ကျောင်းသား/သူ ၃၆၆ဦး။

**(ခ)အထက(ခွဲ)ကျောင်းများ**

၁။အထကခွဲပန်းတုန်း၊ ပန်းတုန်းကျေးရွာ၊ ၁.၃၂ကေ၊ ဆရာ/ဆရာမ ၁၈ဦး၊ ကျောင်းသား/သူ၁၅၃ဦး

၂။ အထကခွဲ မြောက်ပြင်၊ မြောက်ပြင်ကျေးရွာ၊ ၃.၀၀ကေ၊ ဆရာ/ဆရာမ ၁၇ဦး၊ ကျောင်းသား/သူ ၁၇၂ဦး

၃။အထကခွဲတိုင်တား၊ တိုင်တားကျေးရွာ ၇.၇၆ကေ၊ ဆရာ/ဆရာမ ၁၈ဦး၊ ကျောင်းသား/သူ၁၈၉ဦး

၄။အထကခွဲမှိုက်၊မှိုက်ကျေးရွာ၊ ၇.၀၀ကေ၊ ဆရာ/ဆရာမ ၁၅ဦး၊ ကျောင်းသား/သူ၁၄၀ဦး

၁၀။အထကခွဲကျောက်တိုင်၊ကျောက်တိုင်ကျေးရွာ၊ ၁.၃၂ဧကေ၊ ဆရာ/ဆရာမ ၁၁ဦး၊ ကျောင်းသား/သူ၁၃၅ဦး

၅။အထကခွဲစပါးတန်း၊စပါးတန်းကျေးရွာ၊ ၇.၀၀ဧကေ၊ ဆရာ/ဆရာမ ၁၀ဦး၊ ကျောင်းသား/သူ၁၉၄ဦး

**(ဂ)အလကကျောင်းများ**

အလကကျောက်ကြီး၊ အလကခုန်တိုင်ကျင်း၊ အလကမဲဇလီ၊ အလကတောင်ရန်

**(ဃ)အလက(ခွဲ)ကျောင်းများ**

အလကခွဲထိန်ကိုင်း ၊အလကခွဲမြိုးဝ၊ အလကခွဲမှန်၊ အလကခွဲတောင်ပတ်၊ အလကခွဲ သမင် ကတုတ်၊ အလကခွဲ ကျောက်ဖြာလည်၊ အလကခွဲမြင်းကွေ့။

**(င) မူလတန်းလွန်ကျောင်းများ**

မူလွန်မြို့ဟောင်း၊ မူလွန်ကြက်လောင်း၊မူလွန်ကုန်းကျောက်ကြီး၊ မူလွန်ထန်းညှောက်တင်၊ မူလွန်တမာ၊ မူလွန်ကင်မွန်းဒေါင့်၊ မူလွန် ဖြူကန်၊မူလွန် ကြို့ဝ၊မူလွန် ထန်းလေးပင်၊မူလွန်မင်းတပ်၊ မူလွန်ရွာသာယာ၊မူလွန်ပြောင်းပြာ၊မူလွန်စကတဲ၊မူလွန်ပြောင်း၊ မူလွန်လယ်ပုပြား၊ မူလွန်ငါးခူးအိုး၊ မူလွန်ကွင်းကြီး၊ မူလွန်တကောင်းနက်၊မူလွန်ငါးပုန်ကုန်း၊မူလွန်ငကုန်း၊ မူလွန်လယ်ကြီးဒေါင့်၊ မူလွန်ချင်းနစ်၊ မူလွန်ခွေးတောက်၊မူလွန်ယော၊မူလွန်ရွာသစ်၊မူလွန်ပေါက်ကိုင်း(န)၊ မူလွန်စိုင်းဒိုး၊ မူလွန်စမ်းကြီး၊

**(စ) အမကကျောင်းများ**

မင်းတုန်းမြို့နယ်တွင် အမကကျောင်း (၉၁)၊ဆရာ/ဆရာမဦးရေ(၄၁၅)၊ကျောင်းသား/သူဦးရေ (၂၃၈၆)ရှိပါသည်။

**(ဆ)အမကခွဲကျောင်းများ**

အမကခွဲ(၆)ကျောင်း၊ဆရာ/ဆရာမ(၁၀)ဦး၊ ကျောင်းသာ/သူ (၁၀၃)ဦးရှိပါသည်။

**(ဇ)မူလတန်ကြိုကျောင်းများ**

မူလတန်းကြိုကျောင်း (၄၁)ကျောင်း၊ ဆရာ/ဆရာမ (၄၁)၊ ကျောင်းသား/သူ(၂၇၆)ဦး။

**ကျန်းမာရေးဏ္ဍာ**

မင်းတုန်းမြို့နယ်၏ ကျန်းမာရေးဏ္ဍာဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**(က)ဆေးရုံများ**

၁။ မြို့နယ်ဆေးရုံ၊ အမှတ်(၃)ရပ်ကွက်၊ ၂၅ ကုတင်။

၂။ မြောက်ပြင်တိုက်နယ်ဆေးရုံ၊မြောက်ပြင်၊၁၆ကုတင်။

၃။ ကျောက်တိုင်တိုက်နယ်ဆေးရုံ၊ကျောက်တိုင်၊၁၆ကုတင်။

(ခ)ကျေးလက်ကျန်းမာရေးဌာန/ဌာနခွဲ

မင်းတုန်းမြို့နယ်တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ (၂၉)ရှိသည်။

**လူမှုရေးအသင်းအဖွဲ့များ**

မင်းတုန်းမြို့နယ်ရှိ လူမှုရေးအသင်းအဖွဲ့များဆိုင်ရာအချက်အလက်များမှဦ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က)NGOဦးရေ**

၁။ အမျိုးသမီးရေးရာ ၇၆၅၃

၂။ မိခင်/ကလေး ၁၉၈၃

၃။ စစ်မှုထမ်းဟောင်း ၁၅၂

၄။ ကြက်ခြေနီ ၅၅၆

၅။ အရန်မီးသတ် ၂၈၅

**(ခ) အသင်းအဖွဲ့များ**

၁။ စေတနာမွန်နာရေးကူညီမှုအသင်း၊ အမှတ်(၄)ရပ်ကွက်၊မင်းတုန်းမြို့

၂။ စေတနာရှင်နာရေးကူညီမှုအသင်း၊ကျောက်ကြီး (ကျင်း)ကျေးရွာ

၃။ အရှိုချင်းအမျိုးသားစာပေနှင့်ယဉ်ကျေးမှုအသင်း၊ အမှတ်(၄)ရပ်ကွက်

၄။ နှလုံးလှလူငယ်ပရဟိတအသင်း၊ ပန်းပင်ကုန်းကျေးရွာ

**အားကစားနှင့်ဖျော်ဖြေရေးလုပ်ငန်းများ**

မင်းတုန်းမြို့နယ်၏ အားကစားနှင့်ဖျော်ဖြေရေးလုပ်ငန်းများ ဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က) အားကစားကွင်း**

၁။ ဘောလုံးကွင်း (၁)

၂။ အခြား (၁)

**(ခ) ဖျော်ဖြေရေး**

၁။ ပန်းခြံ (၁)

**ဘာသာရေးနှင့် သမိုင်းဝင်အဆောက်အဦးများ**

**ဗုဒ္ဓဘာသာဆိုင်ရာ အဆောက်အဦးများနှင့် သာသနာ့ဝင်ပုဂ္ဂိုလ်များ**

မင်းတုန်းမြို့နယ်ရှိ ဗုဒ္ဓလာသာဆိုင်ရာ အဆောက်အဦးများနှင့် သာသနာ့ဝင်ပုဂ္ဂိုလ်များဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က) သာသနိကအဆောက်အဦးများ**

၁။ ဘုရား ၁၇၂

၂။ စေတီ ၁၆၀

၃။ ဘုန်းကြီးကျောင်း ၁၅၆

၄။ သီလရှင်ကျောင်း ၁

၅။ ဓမ္မာရုံ ၁၃၂

**(ခ) ရဟန်းသံဃာနှင့်သီလရှင်များ**

၁။ ရဟန်း ၂၅၈

၂။ သာမဏေ ၇၂

၃။ သီလရှင် ၂၁

**(ဂ) ထင်ရှားသည့်ဘုရား၊စေတီ၊ပုထိုးများ**

၁။ ရွှေဂူစေတီ၊ အမှတ်(၂)ရပ်ကွက်

၂။ မြဦသျှောင်စေတီ၊ အမှတ်(၂)ရပ်ကွက်

၃။ ဆုတောင်းပြည့်စေတီ၊အမှတ်(၂)ရပ်ကွက်

**(ဃ) ထင်ရှားသည့်ဘုန်းကြီးကျောင်းများ**

၁။ မှန်ကင်းကျောင်း၊ အမှတ်(၄)ရပ်ကွက်

**ဒေသဖွံ့ဖြိုးရေဆိုင်ရာအချက်အလက်များ**

**ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ**

မင်းတုန်းမြို့နယ်၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်မှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**(က)သောက်သုံးရေရရှိရေးလုပ်ငန်း**

၁။ ကွင်းကြီး(မ)၊ ၁၁၀’×၁၁၀’×၆’ မြေသားမိုးရေလှောင်ကန်

၂။ ပန်းတော၊ ၁၁၀’×၁၁၀’×၆’ မြေသားမိုးရေလှောင်ကန်

၃။ ပြည့်ဇင် ၊၁၁၀’×၁၁၀’×၆’ မြေသားမိုးရေလှောင်ကန်

၄။ ဇင်းကျန်၊ ၁၁၀’×၁၁၀’×၆’ မြေသားမိုးရေလှောင်ကန်

၅။ ပန်းပင်ကုန်း၊ ၁၁၀’×၁၁၀’×၆’ မြေသားမိုးရေလှောင်ကန်

၆။ ကွင်းကြီး(တ)၊ ၆’×၃၀’ လက်တူးတွင်းတူးဖော်ခြင်း

၇။ ကံလည်၊ ၆’×၃၀’ လက်တူးတွင်းတူးဖော်ခြင်း

၈။ ကျီးကန်၊ ၆’×၃၀’ လက်တူးတွင်းတူးဖော်ခြင်း

**(ခ)မြစိမ်းရောကျေးရွာစီမံကိန်းလုပ်ငန်း**

၁။ လင်းပန်းကျေးရွာ

၂။ ဝန်တွင်းကျေးရွာ

၃။ ပဲမြောက်ကျေးရွာ

၄။ ကင်မွန်းဒေါင့်ကျေးရွာ

**မြို့ပြစီမံကိန်း(Twon Plan)နှစ်(၃၀)အတွက်မြေအသုံးချမှုဆိုင်ရာလျာထားချက်**

မြို့ပြစီမံကိန်း(Twon Plan)နှစ်(၃၀)အတွက်မြေအသုံးချမှုဆိုင်ရာလျာထားချက်မှာ လျာထား မြေကေပေါင်း(၂၄)ကေ၊ လျာထားမည့်မြေကွက်ပေါင်း(၆၀၂)ဖြစ်ပါသည်။

# မင်းတုန်းမြို့နယ် ကျေးရွာအုပ်စုအညွှန်းပြမြေပုံ

